# Executive Summary | အခြေခံအချက်အလက်များ အကျဉ်းချုပ်

***ခြုံငုံသုံးသပ်ချက်***

အရှေ့တောင်အာရှနိုင်ငံများအဖွဲ့ ဟု အများသိကြသည့်ဒေသဆိုင်ရာအုပ်စုတွင် ပေါင်းစပ်ထားသော အရှေ့တောင်အာရှနိုင်ငံများသည် ပထဝီဝင် အရွယ်အစား၊ အုပ်ချုပ်မှုစနစ်များ၊ စီးပွားရေး၊ ယဉ်ကျေးမှုစသည်တို့ အမျိုးမျိုးကွဲပြားနေကြပါသည်။ ၎င်းအပြင် နိုင်ငံတစ်နိုင်ငံစီသည် နိုင်ငံတကာ လူ့အခွင့်အရေး အဆင့်အတန်းများကို လိုက်နာမှုနှင့် အပြည်ပြည်ဆိုင်ရာ လွတ်လပ်စွာယုံကြည်ကိုးကွယ်ခွင့် အပါအဝင် ပြည်တွင်းလွတ်လပ်ခွင့်များကို ကာကွယ်ခြင်း (သို့မဟုတ် ငြင်းပယ်ခြင်း) အတိုင်းအတာလည်း ကွဲပြားပါသည်။ အာဆီယံအနှစ် ၅၀ မြောက်နှစ်တွင် အမေရိကန်ပြည်ထောင်စု နိုင်ငံတကာ ဘာသာရေးလွတ်လပ်မှု (USCIRF) မှ (*လူတိုင်းအတွက်အခွင့်အရေးတစ်ရပ် - အာဆီယံရှိ လွတ်လပ်စွာယုံကြည်ကိုးကွယ်ခွင့်*) *A Right for All: Freedom of Religion or Belief in ASEAN* ကို တင်ဆက်ခဲ့ပါသည်။ ၎င်းအစီရင်ခံစာတွင် အာဆီယံနှင့် အဖွဲ့ဝင်နိုင်ငံများမှ ၎င်းအခြေခံ ရပိုင်ခွင့်အပေါ်ချဉ်းကပ်ပုံကို မှတ်တမ်းတင်ထားကာ ဤဒေသတွင် နိုင်ငံနယ်နိမိတ်များကို ဖြတ်ကျော်လျက်ရှိသော လွတ်လပ်စွာကိုးကွယ်မှုနှင့် သက်ဆိုင်သည့် အခက်အခဲများကို အလေးထားဖော်ပြပြီး ၎င်းပြဿနာများနှင့်ပတ်သက်၍ အမေရိကန်ပြည်ထောင်စုမှ အာဆီယံအဖွဲ့အစည်း တစ်ရပ်လုံးအပြင် သီးခြားအဖွဲ့ဝင် ၁၀ နိုင်ငံဖြစ်သည့် ဘရူနိုင်း၊ မြန်မာ၊ ကမ်ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ဗီယက်နမ်တို့နှင့် အခိုင်အမာ ပူးပေါင်းဆောင်ရွက်ရန် နည်းဗျူဟာကျသည့်အရေးပါပုံကို အလေးအနက်ဖော်ပြထားပါသည်။

လူ့အခွင့်အရေးအပေါ် အာဆီယံ၏ချဉ်းကပ်မှုမှာ အဖွဲ့ဝင်နိုင်ငံများ၏ ဒေသတစ်ခုအဖြစ်ပေါင်းစည်းလိုစိတ်နှင့် အမြစ်စွဲနေသည့် ၎င်းတို့၏ လွတ်လပ်မှုအပေါ် အားထားမှုနှင့် နိုင်ငံတစ်နိုင်ငံ၏ကိစ္စများတွင် အခြားနိုင်ငံများမှ ဝင်ရောက်စွက်ဖက်မှုမပြုရေးဟူသည့် ယှဉ်ပြိုင်အကျိုးစီးပွား နှစ်ရပ်ကြောင့် အားလျော့နေလေ့ရှိပါသည်။ အာဆီယံကဲ့သို့ တစ်နိုင်ငံနှင့်တနိုင်ငံ အပြန်အလှန်အားထားကာ ချိတ်ဆက်နေသည့် လူမှုအသိုင်းအဝိုင်း တစ်ရပ်တွင် လွတ်လပ်စွာယုံကြည်ကိုးကွယ်ခွင့်ကို ချိုးဖောက်နေသည့်အခါ ၎င်း၏အစိုးရများနှင့် လူမှုအဖွဲ့အစည်းများသည်- နိုင်ငံတွင်းရော နယ်စပ်ကျော်၍ပါ - ထိုအခြေအနေကို အသိအမှတ်ပြုပြီး အခွင့်အရေးများချိုးဖောက်ခံရသူပုဂ္ဂိုလ်များနှင့် အုပ်စုများကို အကာအကွယ်ပေးရန် ခြေလှမ်းများဆောင်ရွက်ရန် အရေးကြီးပါသည်။

အမေရိကန်ပြည်ထောင်စုသည် အာဆီယံနှင့် အတူဆောင်ရွက်နေသည်မှာ ယခုအနှစ် ၄၀ ပြည့်တော့မည်ဖြစ်ပြီး ၎င်းဒေသနှင့် အဖွဲ့ဝင်နိုင်များ အပေါ်တွင် အရေးပါသည့် လွှမ်းမိုးမှုရှိပါသည်။ အာဆီယံအဖွဲ့ဝင်နိုင်ငံများအား ၎င်းတို့၏ပြည်သူများ ကြွယ်ဝချမ်းသာရေးနှင့် ကုလသမဂ္ဂအဖွဲ့ဝင်စဉ်နှင့် နိုင်ငံတကာလူ့အခွင့်အရေး ပြဋ္ဌာန်းချက်များအပေါ် သဘောတူစဉ်က နိုင်ငံအားလုံးမှသဘောတူညီခဲ့သည့် အဓိကအခြေခံမှုများကို ဖြည့်ဆည်းရန် အမေရိကန်ပြည်ထောင်စုမှ အားပေးတိုက်တွန်းရပါမည်။

***အာဆီယံ၊ လူ့အခွင့်အရေးများနှင့် လွတ်လပ်စွာယုံကြည်ကိုးကွယ်ခွင့်***

အာဆီယံနှင့် သီးခြားအဖွဲ့ဝင်နိုင်ငံများတွင် လူ့အခွင့်အရေးကာကွယ်မှု၊ မြှင့်တင်မှုတို့နှင့်ပတ်သက်သည့်မှတ်တမ်းမှာ တသမတ်တည်းမရှိဘဲ လွတ်လပ်စွာယုံကြည်ကိုးကွယ်မှုနှင့်ပတ်သက်၍ ပိုမိုဆိုးရွားပါသည်။ မကြာခဏဆိုသလိုပင် အာဆီယံနိုင်ငံများသည် စည်းလုံးညီညွတ်မှု ကင်းမဲ့ခဲ့ပြီး ၎င်းတို့၏နယ်နိမိတ်အတွင်းနှင့် ဒေသတွင်းအခြားအဖွဲ့ဝင်များအကြားတွင် ကြီးလေးသည့်ချိုးဖောက်မှုများ ရှိသည့်အခါ တုံ့ပြန်ရန် ပြင်းပြသည့်ဆန္ဒ ကင်းမဲ့ခဲ့ပါသည်။ ၂၀၀၉ ခုနှစ်တွင် အာဆီယံမှ အာဆီယံအစိုးရများအကြား လူ့အခွင့်အရေးကော်မရှင် (AICHR) ကို တည်ထောင်ခဲ့ပြီး ၂၀၁၂ ခုနှစ်တွင် အာဆီယံ လူ့အခွင့်အရေးကြေညာစာတမ်း (AHRD) ကို အတည်ပြုခဲ့ပါသည်။ လူ့အခွင့်အရေးအဖွဲ့အစည်းတစ်ရပ်အဖြစ် AICHR ၏ထိရောက်မှုနှင့် လူ့အခွင့်အရေးပြဋ္ဌာန်းချက်အဖြစ် AHRD ၏ထိရောက်မှုတို့အပေါ် ဝေဖန်သူများက စိန်ခေါ်ခဲ့ပါသည်။ အများပြည်သူရပိုင်ခွင့်များနှင့် နိုင်ငံရေးရပိုင်ခွင့်များဆိုင်ရာ နိုင်ငံတကာပဋိညာဉ် (ICCPR) ကဲ့သို့ နိုင်ငံတကာလူ့အခွင့်အရေး ပြဋ္ဌာန်းချက်များတွင် ဖော်ပြထားသည့် ပိုမိုမြင့်မားသောအဆင့်အတန်းများကို ထိန်းသိမ်းရန် နိုင်ငံတကာအသိုင်းအဝိုင်းမှ အဖွဲ့ဝင်နိုင်ငံများအား တောင်းဆိုရပါမည်။

အဖွဲ့ဝင် ၁၀ နိုင်ငံရှိ လွတ်လပ်စွာယုံကြည်ကိုးကွယ်ခွင့်နှင့်ပတ်သက်သည့်အဓိကတွေ့ရှိချက်များတွင် အောက်ပါတို့ပါဝင်ပါသည် -

- **ဘရူနိုင်း -** ၎င်းစုလ်တန်နိုင်ငံတွင်ရှိသူ၏နိုင်ငံနှင့် အများပြည်သူဆိုင်ရာနယ်ပယ်အား အစ္စလမ်ဘာသာနှင့်တွဲ၍သတ်မှတ်သည့်အတွက် မွတ်စလင် မဟုတ်သူများ သို့မဟုတ် ရှေးရိုးစွဲမွတ်စလင်မဟုတ်သည့် နိုင်ငံတွင်းနေထိုင်သူများအတွက် တစ်ခါတစ်ရံ ခက်ခဲပါသည်။ ၎င်းတို့၏လူမှုအသိုင်းအဝိုင်းအပေါ် ပိတ်ပင်မှုများပြုလုပ်ခြင်း သို့မဟုတ် ၎င်းတို့မှာ မွတ်စလင်ဘာသာနှင့်ဆက်စပ်နေသော်လည်း ရှရိုင်ရာဥပဒေဖြင့် အုပ်ချုပ်ခြင်းများ ရှိနိုင်ပါသည်။
- **မြန်မာ -** ၂၀၁၆ ခုနှစ်တွင် မြန်မာနိုင်ငံတွင် အစိုးရအပြောင်းအလဲ သမိုင်းဝင် ငြိမ်းချမ်းစွာပေါ်ပေါက်ခဲ့ကြောင်း မှတ်ကျောက်တင်ခဲ့သော်လည်း တပ်မတော်နှင့် အစိုးရမဟုတ်သူအချို့မှ ညှဉ်းပန်းနှိပ်စက်မှုများကို လုံးဝအရေးယူခံရခြင်းမရှိဘဲ ကျူးလွန်ခြင်းနှင့် အိုးအိမ်စွန့်ခွာရသူများ အတွက် ကြီးလေးသည့်လူသားချင်းစာနာမှုကပ်ဘေးတို့မှာ ဘာသာရေးလူနည်းစုများနှင့် တိုင်းရင်းသားအုပ်စုများအပေါ် ညှဉ်းပန်းမှုများကို ဆက်လက်တွန်းအားပေးနေပါသည်။

- **ကမ်ဘောဒီးယား -** ကမ်ဘောဒီးယားနိုင်ငံတွင် လွတ်လပ်စွာယုံကြည်ကိုးကွယ်မှုနှင့်ပတ်သက်၍ ပြည်တွင်းအခက်အခဲအနည်းငယ်သာ ရှိသော်လည်း အထူးသဖြင့် ဒုက္ခသည်ဆိုင်ရာသဘောတူညီချက်အရ လူ့အခွင့်အရေးကတိကဝတ်များကိုထိန်းသိမ်းရန် ပိုမို ဆောင်ရွက်သင့်ပါသည်။
- **အင်ဒိုနီးရှား -** အထူးသဖြင့် အကြမ်းဖက်မှုများရှိသည့်အခါတွင်ကဲ့သို့ လွတ်လပ်စွာကိုးကွယ်မှုနှင့်ပတ်သက်သည့် ညှဉ်းပန်းနှိပ်စက်မှုများ ပေါ်ပေါက်သည့်အခါ အင်ဒိုနီးရှားအစိုးရမှ ဝင်ရောက်ဖျန်ဖြေလေ့ရှိပါသည်။ သို့ရာတွင် မွတ်စလင်မဟုတ်သူများနှင့် စွန်နီမွတ်စလင် မဟုတ်သူများမှာမူ ဝတ်ပြုရာနေရာများ တရားဝင်ဆောက်လုပ်ခွင့် ရယူရာတွင် အခက်အခဲများ ဆက်လက်ရှိနေခြင်း၊ ဝတ်ပြုရာနေရာများ ဖျက်ဆီးခံရခြင်း၊ ခွဲခြားဆက်ဆံခံရခြင်းအပြင် တစ်ခါတစ်ရံတွင် ၎င်းတို့ဝတ်ပြုကိုးကွယ်မှုအပေါ် နှောင့်ယှက်သည့် အကြမ်းဖက် ဆန္ဒပြမှုများနှင့် ကြုံရပါသည်။
- **လာအို -** လာအိုနိုင်ငံ၏အချို့ဒေသများတွင် ဒေသခံအာဏာပိုင်များမှ ဘာသာရေးလူနည်းစုများနှင့် တိုင်းရင်းသားလူနည်းစုများအပေါ် နှောင့်ယှက်ခြင်း၊ ခွဲခြားဆက်ဆံခြင်းများ ပြုလုပ်ပြီး နေရာအနှံ့ အစိုးရမှထိန်းချုပ်မှုနှင့် ခက်ခဲသည့်စည်းမျဉ်းစည်းကမ်းတို့က လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့်အပေါ် တားဆီးနေပါသည်။
- **မလေးရှား -** မလေးရှားနိုင်ငံ၏ အမြစ်စွဲနေသောအစိုးရစနစ်ကြောင့် အာဏာရပါတီနှင့် လူများစု စွန်နီမွတ်စလင် မလေးလူမျိုးများမှာ အသာစီးရနေပြီး ဘာသာရေးလူနည်းစုများနှင့် တိုင်းရင်းသားလူနည်းစုများမှာ များသောအားဖြင့် ဘာသာရေးလှုပ်ရှားမှု၊ ဘာသာရေးဆိုင်ရာ ထုတ်ဖော်ပြောဆိုမှု သို့မဟုတ် ဘာသာရေးဆိုင်ရာသဘောထားကွဲလွဲမှုအပေါ် အစိုးရမှညွှန်ကြားသည့်ဖြို့ခွင်းမှုများဖြင့် ဒုက္ခခံကြရပါသည်။
- **ဖိလစ်ပိုင် -** ကာသိုလစ်ဘာသာ၏ကြီးမားသောလွှမ်းမိုးမှုအပြင် အခြားဘာသာရေးအုပ်စုများ၏လိုအပ်ချက်များကြောင့် ဖိလစ်ပိုင်နိုင်ငံသည် ဘာသာရေးနှင့်နိုင်ငံရေး သီးခြားရှိနေရေးအတွက် ရုန်းကန်နေရပြီး မင်နဒေါင်းကျွန်းရှိ မွတ်စလင်များနှင့်ဆက်ဆံရေးအပေါ် ဆက်လက် လွှမ်းမိုးနေသော အကြမ်းဖက်မှုနှင့်လည်း ရုန်းကန်ရင်ဆိုင်နေရပါသည်။
- **စင်ကာပူ -** စင်ကာပူနိုင်ငံ၏လက်ရှိမူဝါဒများမှာ ၎င်းနိုင်ငံ၏လူမှုအသိုင်းအဝိုင်းများအကြား အကြမ်းဖက်မှုသမိုင်းအပေါ် အခြေခံထားပါသည်။ လက်ရှိမူဝါဒများတွင် နိုင်ငံ၏အဓိကဘာသာများအကြား သဟဇာတရှိရေးကို ဦးစားပေးထားကာ တစ်ခါတစ်ရံတွင် ၎င်းမူဝါဒများသည် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့် လူဦးရေပိုမိုနည်းပါးသည့် ဘာသာရေးအသိုင်းအဝိုင်းများ၏ အခွင့်အရေးများအပေါ် ထိခိုက်ပါသည်။
- **ထိုင်းနိုင်ငံ -** ဗုဒ္ဓဘာသာအဓိကကျသည့်အတွက် မလေးမွတ်စလင်အများစုရှိသည့် တောင်ပိုင်းအရပ်များတွင် လွတ်လပ်စွာယုံကြည် ကိုးကွယ်မှုပြဿနာ အများဆုံးဖြစ်နေပါသည်။ ၎င်းအရပ်များရှိ ဗုဒ္ဓဘာသာနှင့် မွတ်စလင်အကြား ဆက်လက်ပေါ်ပေါက်နေသည့် တင်းမာမှုများကြောင့် နိုင်ငံတစ်ဝန်းတွင် ဘာသာရေးအခြေခံ အမျိုးသားရေးစိတ်ဓာတ်များ ပိုမိုပေါ်ပေါက်နေပါသည်။
- **ဗီယက်နမ် -** ဗီယက်နမ်နိုင်ငံသည် လွတ်လပ်စွာကိုးကွယ်မှုနှင့်ပတ်သက်သည့် အခြေအနေများ ပိုမိုကောင်းမွန်ရေးအတွက် တိုးတက် ဆောင်ရွက်နိုင်ခဲ့သော်လည်း အထူးသဖြင့် အချို့ကျေးလက်ဒေသများရှိ တိုင်းရင်းသားလူနည်းစု အသိုင်းအဝိုင်းများအပေါ် ကျူးလွန်သည့် ပြင်းထန်သောအကြမ်းဖက်မှုများမှာ ဆက်လက်ပေါ်ပေါက်နေပါသည်။

*အခက်အခဲများ*

အဖွဲ့ဝင်နိုင်ငံ ၁၀ နိုင်ငံသည် တူညီသည့်အခက်ခဲအချို့နှင့် ကြုံတွေ့နေရပြီး လွတ်လပ်စွာယုံကြည်ကိုးကွယ်ခွင့်အပေါ် ချိုးဖောက်မှုများသည် နယ်စပ်ကျော်ကာ ဖြစ်ပေါ်နေလျက် ပိုမိုကျယ်ပြန့်၍ဆက်စပ်နေသော ဒေသတွင်းခေတ်ရေစီးကြောင်းများ အနေအထားဖြင့် ပေါ်ပေါက်နေကြောင်း ၎င်းအခက်အခဲများက မီးမောင်းထိုးပြနေပါသည်။ အာဆီယံသည် အောက်ပါပြဿနာများကို အသိအမှတ်ပြုကာ ဖြေရှင်းရန်ဆောင်ရွက်ရပါမည် - ဒုက္ခသည်များ၊ ခိုလှုံခွင့်လျှောက်ထားသူများ၊ လူကုန်ကူးခံရသူများနှင့် ပြည်တွင်းအိုးအိမ်စွန့်ခွာသူများအတွက် အကာအကွယ်ပေးရာတွင် လိုအပ်နေသည့် အချက်များ၊ ဘာသာရေးအသိုင်းအဝိုင်းများ၏ တရားဝင်လှုပ်ရှားမှုများအပေါ် ကန့်သတ်ရန်၊ သဘောထားကွဲလွဲကြောင်း ငြိမ်းချမ်းစွာထုတ်ဖော်မှုကို နှိမ်နင်းရန် အစွန်းရောက်မှုဆန့်ကျင်ရေးနှင့် အကြမ်းဖက်မှုဆန့်ကျင်ရေး ဥပဒေများ အသုံးပြုခြင်းနှင့် ပြည်သူများကို အကျဉ်းချခြင်းတို့ကို ကန့်သတ်ရန်၊ အခြားဘာသာရေးအုပ်စုများနှင့် တိုင်းရင်းသားအုပ်စုများကို ထိခိုက်စေရန် ဘာသာရေးကို ခြယ်လှယ်သည့် ပုဂ္ဂိုလ်များနှင့်အုပ်စုများ၏ အမျိုးသားရေး စိတ်ဓာတ်ကို အသုံးပြုမှု၊ ဘာသာရေးဆိုင်ရာ ယုံကြည်ကိုးကွယ်မှု၊ အလေ့အထ သို့မဟုတ် ဆောင်ရွက်ချက်များအပေါ်အခြေခံ၍ ဖမ်းဆီး ထိန်းသိမ်းခြင်း၊ အကျဉ်းချခြင်းများနှင့် ယေဘုယျအားဖြင့် ဘာသာရေးလူနည်းစု အသိုင်းအဝိုင်းအပေါ် ဘာသာရေးလူများစုအုပ်စုမှ အကြမ်းဖက်မှုလှုံ့ဆော်ရန် အသုံးပြုသည့် ဘာသာတရားအပေါ်ပြစ်မှားသည့်ဥပဒေများ ရှိနေခြင်းနှင့် အကောင်အထည်ဖော်ခြင်း။

*အာဆီယံ၏ ဝင်ရောက်စွက်ဖက်မှုမပြုရေးမူ*

အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ (အမျိုးသားရေး အချုပ်အခြာအာဏာ၊ တည်တံ့ခိုင်မြဲရေးနှင့် လွတ်လပ်ရေးတို့ ထိန်းသိမ်းထားရှိသောမူဖြစ်သည့်) ဝင်ရောက်စွက်ဖက်မှု မပြုရေးမူကို ပုံမှန်အသုံးပြုသော်လည်း မိမိတို့အကျိုးရှိသည့်အခါတွင်မူ ရံဖန်ရံခါ ဘေးဖယ်ထားတတ်ပါသည်။ အာဆီယံနိုင်ငံများ ၎င်းတို့၏ကိုယ်ကျိုးကို ဦးစွာပထမကာကွယ်ဆိုသည်ကို နားလည်နိုင်သော်လည်း အထူးသဖြင့် လွတ်လပ်စွာယုံကြည်ကိုးကွယ်ခွင့် အပါအဝင် လူ့အခွင့်အရေးဆိုင်ရာ ကိစ္စရပ်များမှာ နိုင်ငံနယ်နိမိတ်များကို ဖြတ်ကျော်၍ ရှိနေသည့်အခါတွင် နိုင်ငံတကာအသိုင်းအဝိုင်းနှင့် သဟဇာတရှိစွာ ဆောင်ရွက်ရန် နိုင်ငံတစ်ခုစီတွင် ပိုမိုကျယ်ပြန့်သည့် တာဝန်ရှိပါသည်။

*အမေရိကန်ပြည်ထောင်စုနှင့် အာဆီယံဆက်ဆံရေး*

အာဆီယံ၏ အနှစ် ၅၀ ပြည့်နှစ်အတွင်းနှင့် အမေရိကန်ပြည်ထောင်စုနှင့်အာဆီယံ ပူးပေါင်းဆောင်ရွက်မှု အနှစ် ၄၀ ပြည့်ပြီးနောက်တွင် အမေရိကန် ပြည်ထောင်စုသည် အဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံတကာ လူ့အခွင့်အရေးအဆင့်အတန်းများကို ထိန်းသိမ်းထားရေးအတွက် ဖိအားပေးရန် ၎င်း၏ အကျိုးစီးပွားနှင့် သြဇာအာဏာကို အသုံးပြုရပါမည်။ အာဆီယံအဖွဲ့ဝင်နိုင်ငံအချို့သည် လူ့အခွင့်အရေးဆိုင်ရာ ကိစ္စရပ်များတွင် အမေရိကန် ပြည်ထောင်စု၏ ပူးပေါင်းပါဝင်မှုကို ပိုမိုလက်ခံကြသော်လည်း အမေရိကန်ပြည်ထောင်စုမှ-

လိုအပ်သည့်အခါ အပြုသဘောဆောင်သော အားဖြည့်မှု အပါအဝင်- ခိုင်မာ၍ တသမတ်တည်းရှိသော တိုက်တွန်းမှုပြုလုပ်ပါက ၎င်းဒေသတွင်းတွင် အမေရိကန်ပြည်ထောင်စု၏ ဦးစားပေးအရာများ အကြောင်းကို ရှင်းလင်းပြတ်သားစွာ အချက်ပြလိုက်မည် ဖြစ်ပါသည်။

*နိဂုံး*

လွတ်လပ်စွာယုံကြည်ကိုးကွယ်ခွင့်၊ ၎င်းနှင့်သက်ဆိုင်သည့် လူ့အခွင့်အရေးများစသည်တို့ကို ထိန်းသိမ်းရန်တာဝန် အပါအဝင် စည်းမျဉ်းစည်းကမ်း အခြေပြု အပြည်ပြည်ဆိုင်ရာအမိန့်ကို လူတိုင်းလိုက်နာသည်ဟူသည့် အဆိုအပေါ် နိုင်ငံတကာအသိုင်းအဝိုင်းမှ အခြေခံထားကြောင်းကို အာဆီယံနှင့် အဖွဲ့ဝင်နိုင်ငံတစ်ခုချင်းစီမှ နားလည်ရပါမည်။ ဆိုလိုသည်မှာ အာဆီယံနှင့် အဖွဲ့ဝင်နိုင်ငံများသည် -

- နိုင်ငံတကာလူ့အခွင့်အရေး စာချုပ်စာတမ်းများကို လိုက်နာရေး၊
- နိုင်ငံတကာလူ့အခွင့်အရေးဆောင့်ကြပ်ကြည့်ရှုသူများ၏ လာရောက်မှုကို ကြိုဆိုရေး၊
- ထောက်ပံ့ရေးဝန်ထမ်းများ၊ လွတ်လပ်သည့်မီဒီယာများ၊ သက်ဆိုင်သည့် နိုင်ငံတကာမှအခြားသူများမှ အန္တရာယ်အလွယ်တကူ ကျရောက်နိုင်သူများထံနှင့် ပဋိပက္ခဒေသများသို့ အတားအဆီးမရှိ ဝင်ရောက်သွားလာရေး၊
- ဘာသာတရားပြစ်မှားမှု ဥပဒေ၊ ၎င်းနှင့်သက်ဆိုင်သည့် ဥပဒေများကို ရုပ်သိမ်းရေး၊
- ယုံကြည်ချက်ကြောင့်အကျဉ်းကျခံနေရသူများအား လွှတ်ပေးရေးနှင့်
- ဘာသာခြားများအကြား ဆက်ဆံရေးကို ခိုင်မာစေရေး စသည့်ခြေလှမ်းများကို ဆောင်ရွက်ရပါမည်။



# Burma | မြန်မာ

**အမည်အပြည့်အစုံ -** ပြည်ထောင်စုမြန်မာနိုင်ငံ သို့မဟုတ် မြန်မာနိုင်ငံ

**အစိုးရ -** ပါလီမန် သမ္မတနိုင်ငံ

**လူဦးရေ -** ၅၁၄၈၆၂၅၃ (မြန်မာနိုင်ငံ၏ ၂၀၁၄ လူဦးရေစာရင်းအရလူဦးရေနှင့် ဘာသာရေးဆိုင်ရာ ကိန်းဂဏန်းများ)

**အစိုးရအသိအမှတ်ပြုထားသည့်ဘာသာရေးများ/ယုံကြည်ကိုးကွယ်မှုများ -** ဗုဒ္ဓဘာသာ၊ ခရစ်ယာန်၊ အစ္စလမ်၊ ဟိန္ဒူ၊ နတ်ကိုးကွယ်မှု

**ဘာသာရေးဆိုင်ရာ လူဦးရေစာရင်း -**

- ဗုဒ္ဓဘာသာ - ၈၉.၈%
- ခရစ်ယာန် - ၆.၃%
- မွတ်စလင် - ၂.၃% (ရခိုင်ပြည်နယ်ရှိ ရေတွက်မထားသော မွတ်စလင်များ ၄.၃%)
- နတ်ကိုးကွယ်သူ - ၀.၈%
- ဟိန္ဒူ - ၀.၅%
- အခြား - ၀.၂%
- ဘာမှမကိုးကွယ်သူ - ၀.၁%

**အဓိကတွေ့ရှိချက်များ -** ၂၀၁၆ ခုနှစ်တွင် မြန်မာနိုင်ငံတွင် အစိုးရအပြောင်းအလဲ သမိုင်းဝင် ငြိမ်းချမ်းစွာပေါ် ပေါက်ခဲ့ကြောင်း မှတ်ကျောက်တင်ခဲ့ သော်လည်း တပ်မတော်နှင့် အစိုးရမဟုတ်သူအချို့မှ ညှဉ်းပန်းနှိပ်စက်မှုများကို လုံး၀အရေးယူခံရခြင်းမရှိဘဲ ကျူးလွန်ခြင်းနှင့် အိုးအိမ်စွန့်ခွာရသူများ အတွက် ကြီးလေးသည့်လူသားချင်းစာနာမှုကပ်ဘေးတို့က ဘာသာရေးလူနည်းစုများနှင့် တိုင်းရင်းသားအုပ်စုများအပေါ် ညှဉ်းပန်းမှုများကို ဆက်လက်တွန်းအားပေးနေပါသည်။

ဝန်ကြီးချုပ်ဦးနုလက်ထက် ၁၉၆၁ ခုနှစ် ဩဂုတ်လမှ ဗိုလ်ချုပ်ကြီးနေဝင်းစတင်သည့် ၁၉၆၂ ခုနှစ် မတ်လစစ်တပ်အာဏာသိမ်းမှုအထိ ကာလတိုအတွင်း ဗုဒ္ဓဘာသာမှာ မြန်မာနိုင်ငံတွင် နိုင်ငံ၏တရားဝင်ဘာသာဖြစ်ခဲ့ပါသည်။ ယနေ့တွင် ဗုဒ္ဓဘာသာမြှင့်တင်ရေးအတွက် ၎င်းအမွေအနှစ် ကျန်ရှိနေဆဲ ဖြစ်ပါသည် - တပ်မတော်အစိုးရအဆက်ဆက်သည် ခရစ်ယာန်ဘာသာအား နိုင်ငံခြားဘာသာအဖြစ် မဟုတ်မမှန်ပုံဖော်ခဲ့ပြီး ဘာသာရေး လူနည်းစုများနှင့် တိုင်းရင်းသားလူနည်းစုများအပေါ် ခွဲခြားဆက်ဆံသည့် ကာလရှည်ကြာပြီဖြစ်သော မူဝါဒများနှင့် အလေ့အထများ ဆက်လက် သက်ရောက်နေပါသည်။

တပ်မတော်၏သွေးခွဲအုပ်ချုပ်သည့်နည်းဗျူဟာများမှ ကြီးမားသည့်လူမှုရေးကွဲပြားမှုများကို လှုံ့ဆော်ပေးပြီးနောက် ဆယ်စုနှစ်ပေါင်းများစွာ အပြီးတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) အစိုးရသစ်မှာ ဘာသာရေးနှင့်တိုင်းရင်းသားဆိုင်ရာ အခက်အခဲများစွာနှင့်ရင်ဆိုင်နေရပြီး ၎င်းအခက်အခဲများမှာ ယခင်အစိုးရထံမှ အမွေဆက်ခံခဲ့ရခြင်းဖြစ်သောကြောင့် အစိုးရသစ်လက်အောက်တွင် မြန်မာနိုင်ငံတစ်ဝန်း ငြိမ်းချမ်းရေးနှင့်သွေးစည်းမှုတို့ရရှိရန် ခက်ခဲနေပါသည်။ ၂၀၁၁ ခုနှစ်မှစ၍ မြန်မာ့တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အုပ်စုများအကြား ပဋိပက္ခများတိုးပွားခဲ့သောကြောင့် လူသားချင်း စာနာထောက်ထားမှုရေးရာ ကုလသမဂ္ဂညှိနှိုင်းရေးရုံး၏အပြောအရ လူပေါင်း ၂၄၀၀၀၀ အိုးအိမ်စွန့်ခွာခဲ့ကာ "ကချင်၊ ရှမ်းနှင့် ရခိုင်ပြည်နယ်ရှိ စခန်းများ သို့မဟုတ် စခန်းကဲ့သို့ အခြေအနေများ" တွင် ရှိနေကြပါသည်။ ဗုဒ္ဓဘာသာ အမျိုးသားရေးဝါဒီအချို့မှ တင်းမာမှုများ လှုံ့ဆော်ပေးခြင်း၊ (များသောအားဖြင့် မွတ်စလင်များအပေါ် ဆန့်ကျင်၍) မုန်းတီးမှုများ ထောက်ခံအားပေးခြင်း၊ ဘာသာရေးလူနည်းစုများနှင့် တိုင်းရင်းသားလူနည်းစုများအပေါ် ခွဲခြားဆက်ဆံမှုများ ပြုလုပ်ရန် အစိုးရအဖွဲ့ဝင်များနှင့် ဥပဒေကြီးကြပ်ရေးအာဏာပိုင်များအား ဖိအားပေးခြင်းများ ပြုလုပ်ကြပါသည်။

၂၀၁၆ ခုနှစ် (သံဃာများ တရားဝင်ဦးဆောင်သည့်အဖွဲ့အစည်း မဟန) နိုင်ငံတော် သံဃာ့မဟာနာယကကော်မတီမှ မဘသ (အမျိုးဘာသာ သာသနာ စောင့်ရှောက်ရေးအဖွဲ့) ဟုအများသိကြသည့် အမျိုးသားရေးအုပ်စုအပေါ် မည်သည့်အခါကမျှ ထောက်ခံခဲ့ခြင်းမရှိကြောင်း လူသိရှင်ကြား ကြေညာခဲ့ပြီး မဟနသည်သာ မြန်မာနိုင်ငံဗုဒ္ဓဘာသာဝင်အားလုံးကို ကိုယ်စားပြုသည့် (ဗုဒ္ဓသံဃာများနှင့် လူဝတ်ကြောင်များပါဝင်သည့်) တစ်ခုတည်းသော သံဃာအဖွဲ့အစည်းဖြစ်ကြောင်း ပြောဆိုခဲ့ပြီးနောက် အမျိုးသားရေးစိတ်ဓာတ်များ အရှိန်အဟုတ် လျော့နည်းသွားပုံရခဲ့ပါသည်။ နောက်ဆုံး ၂၀၁၇ ခုနှစ် မတ်လတွင် မဘသနှင့်ကာလရှည်ကြာစွာ ဆက်စပ်သည့် သွေးထိုးလှုံ့ဆော်ပေးသူ ဦးဝီရသူအား အများပြည်သူရှေ့မှောက် တရားဟောခြင်း၊ မိန့်ခွန်းပေးခြင်းများကို မဟနမှ တစ်နှစ်ကြာပိတ်ကြောင်း ထုတ်ပြန်ကြေငြာခဲ့ပါသည်။ မွတ်စလင်တစ်ဦးဖြစ်ပြီး ထင်ရှားသည့်ရှေ့နေနှင့် NLD အကြံပေးအရာရှိဖြစ်သူ ဦးကိုနီ ၂၀၁၇ ခုနှစ် ဇန်နဝါရီလတွင် လုပ်ကြံခံရမှုအပေါ် ဦးဝီရသူမှ ချီးကျူးပြောကြားမှုအပေါ် သတင်းစာဆရာဆွေဝင်း၏ သရုပ်ဖော်ပုံကို အပြစ်ယူပြီး မဘသနောက်လိုက်နှစ်ဦးမှ သတင်းစာဆရာဆွေဝင်းအား သီးခြားတရားဆိုသည့်လတွင် ထိုသို့ပြုလုပ်ခဲ့ခြင်းဖြစ်ပါသည်။

၂၀၁၇ မေလတွင် မဘသအား ၎င်းအမည်ကို အသုံးပြုခြင်းမှရပ်စဲရန်နှင့် ၂၀၁၇ ဇူလိုင်လ ၁၅ ရက်နေ့ နောက်ဆုံးထားပြီး မဘသအမည်ပါ ဆိုင်းဘုတ်နှင့် ပိုစတာအားလုံး ဖယ်ရှားရန် မဟနမှ အမိန့်ပေးခဲ့ပါသည်။ ထိုစဉ်မှစပြီး မဘသသည် နိုင်ငံရေးပါတီသစ်တစ်ရပ်ဖြစ်သည့် ၁၃၅ စည်းလုံးညီညွတ်သော မျိုးချစ်ပါတီနှင့် ပရဟိတအသင်းတစ်ရပ်တို့ ဖွဲ့စည်းခဲ့ပြီး အခြားပုံစံများဖြင့် ဆက်လက်ဆောင်ရွက်ရန် ကတိပြုခဲ့ပါသည်။ ထိုအတောအတွင်း အစိုးရနှင့်လူမှုအဖွဲ့အစည်းအပေါ် မဘသနှင့် အလားတူလှုပ်ရှားမှုများကိုတွန်းအားပေးနေသည့် အဂတိတရားဖြင့် မလိုမုန်းထားမှုများ၊ သည်းမခံခြင်းနှင့် တယူသန်အမှုအကျင့်တို့မှ ဆက်လက်လွှမ်းမိုးနေပါသည်။

ထပ်တလဲလဲ ရံဖန်ရံခါဖြစ်ပေါ်သော မွတ်စလင်ဆန့်ကျင်ရေးစိတ်ဓာတ်များနှင့် မွတ်စလင်များအပေါ် အကြမ်းဖက်မှုတို့မှာ မြန်မာ့သမိုင်းတလျှောက် ထင်ရှားမြင်သာသော်လည်း မကြာမီနှစ်များတွင် အထူးပြင်းထန်ခဲ့ပါသည်။ ၂၀၁၂ ခုနှစ်တွင် ရိုဟင်ဂျာမွတ်စလင် အများစုနေထိုင်သည့် ရခိုင်ပြည်နယ်တွင် ဘာသာရေးအကြမ်းဖက်မှု လှိုင်းနှစ်ရပ် ရိုက်ခတ်ခဲ့ပါသည်။ ရိုဟင်ဂျာတိုင်းရင်းသားများသည် ၁၉၈၂ ခုနှစ်တွင် နိုင်ငံသားဖြစ်မှု ရုပ်သိမ်းခံရပြီး မြန်မာနိုင်ငံ၏ တိုင်းရင်းသားအုပ်စု ၁၃၅ ခုတွင် အသိအမှတ်ပြုမခံရပါ။ ကျူးကျော်ဝင်ရောက်သူများ၊

ဘင်္ဂလားဒေ့ရှ်မှ တရားမဝင် အများအပြား ဝင်ရောက်လာသူများဟု ၎င်းတို့၏နိုင်ငံအတွင်းတွင်ပင် စွပ်စွဲခံရပြီး အများအပြားက ၎င်းတို့အား ဘင်္ဂါလီများဟု ရည်ညွှန်းကြပါသည်။ ရခိုင်ပြည်နယ် တစ်ဝန်း ဆင်းရဲနွမ်းပါးမှုပြင်းထန်လွန်းသောကြောင့် ၎င်းအရပ်တွင်နေထိုင်သူအားလုံးအတွက် အခြေအနေပိုဆိုးစေပါသည်။

၂၀၁၂ ခုနှစ်မှစ၍ နိုင်ငံ၏အခြားအရပ်များတွင် ပေါက်ကွဲမှုများဖြစ်ပေါ်ခဲ့ပြီး ၎င်းတို့တွင် ၂၀၁၃ ခုနှစ် မိတ္ထီလာမြို့တွင် ဗုဒ္ဓသံဃာအချို့အပါအဝင် လက်နက်ကိုင်လူထုကြီးမှ မွတ်စလင်အိုးအိမ် ၁၅၀၀ ကျော်ကို မီးရှို့ဖျက်ဆီးခြင်း သို့မဟုတ် အစ္စလမ်ဘာသာဝင်ကျောင်းသုံးကျောင်းနှင့် ဗလီကျောင်း ဆယ့်နှစ်ကျောင်းကျော်ကို ဖျက်ဆီးခြင်း၊ လူထောင်ပေါင်းများစွာ အိုးအိမ်စွန့်ခွာရခြင်း၊ လူတစ်ရာကျော်သတ်ဖြတ်ခြင်းစသည့် အကြမ်းဖက်မှုတို့လည်း ပါဝင်ပါသည်။ ၂၀၁၂ ခုနှစ်နောက်ပိုင်း အကျယ်ပြန့်ဆုံး၊ အကြမ်းဖက်မှုအများဆုံးနှင့် လူသေဆုံးမှုအများဆုံးဖြစ်သည့် အဖြစ်အပျက်မှာ ၂၀၁၆ ခုနှစ် အောက်တိုဘာလ ၉ ရက်နေ့တွင် ရိုဟင်ဂျာမွတ်စလင်များဟုယူဆရသည့် သောင်းကျန်းသူအုပ်စုကြီးသည် ရခိုင်ပြည်နယ်မြောက်ပိုင်း မောင်တောမြို့နယ် တစ်ဝိုက် နယ်ခြားစောင့်ရဲနှင့် အခြားဥပဒေကြီးကြပ်ရေးစခန်းများကို ပစ်မှတ်ထားသည့် တိုက်ခိုက်မှုများ ဆက်တိုက်ပြုလုပ်ခဲ့ပြီး ရဲအရာရှိကိုးဦး သေဆုံးခဲ့ရပါသည်။ တုံ့ပြန်သည့်အနေဖြင့် မြန်မာ့တပ်မတော်နှင့် ဥပဒေကြီးကြပ်ရေးမှ သိမ်းကျုံးသုတ်သင်ရှင်းလင်းမှု စစ်ဆင်ရေးတစ်ရပ် ဆောင်ရွက်ခဲ့ပြီး လွတ်လပ်သောမီဒီယာများ၏ ဝင်ရောက်မှုကို ကန့်သတ်ခဲ့ပါသည်။

လူ့အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂမဟာမင်းကြီးရုံး (OHCHR) ၏ ၂၀၁၇ ခုနှစ် <u>အစီရင်ခံစာ</u>အရ အောက်တိုဘာလ ၉ ရက်နှင့် ၂၀၁၇ ခုနှစ် အစောပိုင်းအကြား ခန့်မှန်းခြေ ရိုဟင်ဂျာ ၆၆၀၀၀ သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ထွက်ပြေးပုန်းရှောင်ခဲ့ပါသည်။ ၎င်းအစီရင်ခံစာ ထုတ်ပြန်ပြီးနောက်ပိုင်း လူဦးရေမှာ ၇၀၀၀၀ ကျော်ရှိသွားပြီဖြစ်ကြောင်း သိရပါသည်။ (ရခိုင်တိုင်းရင်းသားအချို့အပါအဝင် ထောင်ပေါင်းများစွာသော သူများသည်လည်း ပြည်တွင်းအိုးအိမ် ဆုံးရှုံးခဲ့ရပါသည်။) ဒုက္ခခံရသူရိုဟင်ဂျာများနှင့် အစီရင်ခံစာအတွက် OHCHR မှ တွေ့ဆုံမေးမြန်းခဲ့သည့် သက်သေများမှ ဥပဒေမဲ့ သတ်ဖြတ်ခြင်းများ၊ သေနတ်ဖြင့် ပစ်သတ်ခြင်း၊ ဓါးဖြင့်ထိုးခြင်း၊ မီးရှို့ခြင်းနှင့် ရိုက်နှက်ခြင်း၊ ကလေးများကို သတ်ဖြတ်ခြင်း၊ တိတ်တဆိတ် ဖမ်းဆီးခြင်းများ၊ မုဒိမ်းကျင့်ခြင်းနှင့် အခြားသောလိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ၊ မတရားဖမ်းဆီးထိန်းသိမ်းခြင်းများ၊ လုယက်ခြင်းနှင့် မီးရှို့ခြင်းအပါအဝင် ပိုင်ဆိုင်မှုများ ဖျက်ဆီးခြင်းနှင့် လွတ်လပ်စွာကိုးကွယ်မှုအပေါ် ပိုမိုကန့်သတ်ခြင်းတို့အကြောင်း ပြောပြပါသည်။ လူသားမျိုးနွယ်အပေါ် ဆန့်ကျင်သည့်ပြစ်မှုများ ကျူးလွန်နိုင်ခဲ့သည်ဟု အစီရင်ခံစာမှ ကောက်ချက်ချခဲ့ပါသည်။ ၂၀၁၇ ခုနှစ် မေလတွင် ရခိုင်ပြည်နယ် လူ့အခွင့်အရေး ချိုးဖောက်မှုများအကြောင်း အစီရင်ခံချက်များကို စုံစမ်းစစ်ဆေးရန် ကုလသမဂ္ဂမှ သုံးဦးပါအဖွဲ့တစ်ဖွဲ့ ခန့်အပ်ခဲ့ပါသည်။ မြန်မာနိုင်ငံရှိ လူ့အခွင့်အရေးများနှင့်ပတ်သက်သည့် ၂၀၁၇ ခုနှစ် မတ်လ ဆုံးဖြတ်ချက်၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီမှ အကောင်အထည်ဖော်သည့်အခါ မြန်မာအစိုးရမှ ထိုလုပ်ငန်းအဖွဲ့ကို ငြင်းပယ်ခဲ့ပါသည်။ ၂၀၁၇ ခုနှစ် ဇွန်လတွင် ကုလသမဂ္ဂအဖွဲ့အား ဗီဇာထုတ်ပေးမည်မဟုတ်ကြောင်း မြန်မာအစိုးရမှကြေညာခဲ့ပါသည်။

နိုင်ငံတစ်ဝန်း ဗုဒ္ဓဘာသာဝင်များနှင့် မွတ်စလင်များအကြားတင်းမာမှု အရှိန်ပြင်းပြနေချိန်တွင် ရခိုင်ပြည်နယ်တွင် ညှဉ်းပန်းနှိပ်စက်မှုများ ပေါ်ပေါက်ခဲ့ပါသည်။ ၂၀၁၇ ခုနှစ် ဧပြီလတွင် အမျိုးသားရေးဝါဒီ ဗုဒ္ဓဘာသာဝင်များမှ ဖိအားပေးပြီးနောက် ရန်ကုန်မြို့၊ သာကေတမြို့နယ် ဒေသခံ အရာရှိများမှ အစ္စလမ်ဘာသာ ကျောင်းနှစ်ကျောင်းကို ပိတ်ခဲ့ပါသည်။ ၎င်းနောက် နှစ်ပတ်မပြည့်မီအချိန်တွင် ရန်ကုန်မြို့ ရပ်ကွက်တစ်ခုတွင် ရိုဟင်ဂျာ မွတ်စလင်များ တရားမဝင် နေထိုင်နေသည်ဟု စွပ်စွဲပြီး အမျိုးသားရေးဝါဒီ ဗုဒ္ဓဘာသာဝင်များမှ ရဲများအား စုံစမ်းစစ်ဆေးစေပါသည်။ ရဲများမှ ဝင်ရောက် တိုက်ခိုက်ပြီးနောက် တရားမဝင်နေထိုင်သူများ မရှိသောအခါ စုံစမ်းစစ်ဆေးမှုတွင် ၎င်းတို့သဘောအရဝင်ရောက်ပါဝင်သော မျိုးချစ်ဝါဒီ ဗုဒ္ဓဘာသာဝင် လူအုပ်ကြီးမှာ ရန်လိုလာပြီးနောက်တွင်ပေါ်ပေါက်သည့် ဗုဒ္ဓဘာသာဝင်ဒါဇင်ပေါင်းများစွာနှင့် မွတ်စလင်များအကြား ရုပ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုကြောင့် လူနှစ်ဦးထိခိုက်ဒဏ်ရာရပြီး ရဲများမှ သေနတ်နှစ်ချက်ပစ်ဖောက် သတိပေးခဲ့ရပါသည်။ မွတ်စလင်များအပေါ်အကြမ်းဖက်မှု လှုံ့ဆော်သည့်အတွက် အမျိုးသားရေးဝါဒီ ဗုဒ္ဓဘာသာဝင်အချို့ကို ရဲမှထိန်းသိမ်းခဲ့ပါသည်။ ၂၀၁၇ ခုနှစ် မေလတွင်လည်း သာကေတမြို့နယ်တွင် ပိတ်ထားသည့် အစ္စလမ်ကျောင်း တစ်ကျောင်းပြင်ပတွင် ဝတ်ပြုခွင့်ရယူရန်ပျက်ကွက်သူ လူသုံးဦးမှ ရာမဒန်ဆုတောင်းပွဲပြုလုပ်ခဲ့သည့်အတွက် ရဲမှတရားစွဲဆိုခဲ့ပါသည်။ (ရိုဟင်ဂျာ မွတ်စလင်များအပေါ် ညှဉ်းပန်းနှိပ်စက်မှုများအကြောင်း အချက်အလက်များထပ်မံရယူရန် USCIRF ၏ အစီရင်ခံစာ (*အချိန်ဆိုင်းငံ့နေခြင်း - မြန်မာနိုင်ငံရှိ ရိုဟင်ဂျာမွတ်စလင်များအပေါ် ဆက်လက်ညှဉ်းပန်းနှိပ်စက်နေမှု*) <u>*Suspended in Time: The Ongoing Persecution of Rohingya Muslims in Burma*</u> ကို ဖတ်ပါ။)

အစိုးရနှင့်လူမှုရေးဆောင်ရွက်သူများသည် အခြားသောဘာသာရေးလူနည်းစုများနှင့် တိုင်းရင်းသားလူနည်းစုများအပေါ် ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုများ ပေါ်ပေါက်စေပါသည်။ ၂၀၁၆ ခုနှစ် ဒီဇင်ဘာလတွင် USCIRF နှင့်စာချုပ်ချုပ်ဆိုခဲ့သည့်သုတေသီတစ်ဦး၏ အပယ်ခံ ခရစ်ယာန် ဘာသာဝင် ချင်း၊ နာဂနှင့် ကချင်လူမျိုးများအပေါ် လွတ်လပ်စွာကိုးကွယ်ခွင့်ချိုးဖောက်မှုများကို ဖော်ပြထားသည့် အစီရင်ခံစာတစ်စောင်တွင် မြေယာ ပိုင်ဆိုင်မှုအပေါ် ခွဲခြားသည့်ကန့်သတ်ချက်များ၊ ခရစ်ယာန်များအပေါ် ခြိမ်းခြောက်မှုများနှင့် အကြမ်းဖက်မှုများ၊ ခရစ်ယာန်သင်္ချိုင်းများကို အဓမ္မ ရွှေ့ပြောင်းစေခြင်းနှင့် ဖျက်ဆီးခြင်း၊ ဝတ်ပြုရာနေရာများတွင် အကြမ်းဖက်တိုက်ခိုက်မှုများနှင့် ဗုဒ္ဓဘာသာသို့ အတင်းအကြပ် ကူးပြောင်းစေခြင်းများ ဆက်လက်ပြုလုပ်နေကြောင်း အထောက်အထားဖြင့် မှတ်တမ်းတင်ထားပါသည်။ ဥပမာ ၂၀၁၆ ခုနှစ် မတ်လတွင် ဗုဒ္ဓဘာသာဝင် အမျိုးသားတစ်ဦးမှ ချင်း နှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ်မှ ခရစ်ယာန်သာသနာပြုတစ်ဦး၏ အိမ်အတွင်း ဖောက်ထွင်းဝင်ရောက်ကာ ကိုယ်ထိလက်ရောက် တိုက်ခိုက်ခဲ့ပြီး ပိုင်ဆိုင်မှုများကို ဖျက်ဆီးခဲ့ကြောင်း ၎င်းအစီရင်ခံစာတွင် ကိုးကားထားပါသည်။ ၎င်းအဖြစ်အပျက်မှာ ၉၆၉ အမျိုးသားရေးလှုပ်ရှားမှုမှ အစွန်းရောက် သံဃာများမှ သာသနာပြုတစ်ဦးအား မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ်ရှိ ရွာတစ်ရွာမှ မောင်းနှင်ထုတ်ရန်ကြိုးပမ်းပြီးနောက် ပေါ်ပေါက်ခဲ့ခြင်း ဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ ကာလရှည်ကြာသည့်တိုင်းရင်းသားလက်နက်ကိုင်ပဋိပက္ခများမှာ ဘာသာရေးသဘော မသက်ရောက်သော်လည်း တိုင်းရင်းသား ဒေသအများအပြားတွင် ခရစ်ယာန်ဘာသာဝင်များနှင့် အခြားဘာသာဝင် အသိုင်းအဝိုင်းများပေါ် မြန်မာ့တပ်မတော်မှ ဘုရားကျောင်းများနှင့် အိမ်များကို သိမ်းပိုက်ခြင်း၊ အရပ်သားများ၏ အစားအစာ၊ အိုးအိမ်၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် အခြားသောအခြေခံလိုအပ်ချက်များ ရယူမှုကို ပိတ်ပင်ထားခြင်းတို့ အပါအဝင် ကြီးမားသည့် ထိခိုက်မှုများရှိခဲ့ပါသည်။ ကရင်နှစ်ခြင်းခရစ်ယာန်အသင်းချုပ်နှင့် အခြားသောဘာသာရေးအဖွဲ့များသည် အိုးအိမ်စွန့်ခွာခဲ့ရ သူများကို ဆက်လက်ကူညီနေပါသည်။ ၂၀၁၆ ခုနှစ် ဒီဇင်ဘာလတွင် မိုင်းကိုးရှိ စိန့်ဖရန်စစ္စဇေးဗီးယား ကက်သလစ်ဘုရားကျောင်းကို လေကြောင်းမှ တိုက်ခိုက် ပြီးနောက်တွင် ကချင်နှစ်ခြင်းခရစ်ယာန်ခေါင်းဆောင်နှစ်ဦး ဒွန်းဒေါ်နောင်လတ်နှင့် လန်ဂျောဂန်စိုင်းတို့ ဒေသခံသတင်းစာသမားများကို အကူအညီပေးပြီးနောက် ရှမ်းပြည်မြောက်ပိုင်းတွင် ပျောက်သွားကြပါသည်။ အပတ်ပေါင်းများစွာ ကြာပြီးနောက် ၎င်းအမျိုးသားနှစ်ဦးကို ထိန်းသိမ်းထားကြောင်း တပ်မတော်မှ အတည်ပြုပြောကြားခဲ့ပြီး ၂၀၁၇ ခုနှစ် ဇန်နဝါရီလတွင် ၎င်းတို့အား ကချင်လွတ်မြောက်ရေးတပ်မတော်ကို ပံ့ပိုးသူများဟု ရဲများမှ စွပ်စွဲပြီး မတရားသင်းအက်ဥပဒေအရ တရားစွဲဆိုခဲ့ပါသည်။ (ခရစ်ယာန်များအပေါ် ညှဉ်းပန်းနှိပ်စက်မှုများအကြောင်း အချက်အလက်များ ထပ်မံရယူရန် USCIRF ၏အစီရင်ခံစာ (*ဖုံးကွယ်ထားသည့်အတိဒုက္ခ - မြန်မာနိုင်ငံရှိ ခရစ်ယာန်လူနည်းစုများ*) <u>*Hidden Plight: Christian Minorities in Burma*</u> ကို ဖတ်ပါ။)

ပြည်ထောင်စုစည်းလုံးညီညွတ်ရေးနှင့် ကြံ့ခိုင်ဖွံ့ဖြိုးရေးပါတီလက်အောက် ယခင်အစိုးရသည် အမျိုးဘာသာသာသနာဥပဒေ လေးရပ်ကို ကျင့်သုံးခဲ့ပါသည်။ ဘာသာကူးပြောင်းမှု၊ အိမ်ထောင်ပြုမှုနှင့် မွေးဖွားမှုအပေါ် ချမှတ်ထားသော ၎င်းဥပဒေတစ်ရပ်စီသည် အထူးသဖြင့် မွတ်စလင်များ ဖြစ်သည့် ဗုဒ္ဓဘာသာဝင်မဟုတ်သူများအပေါ် ခွဲခြားဆက်ဆံပြီး အမျိုးသမီးများ၏ အခွင့်အရေးများကို လျော့နည်းစေပါသည်။ ၎င်းဥပဒေများကို မြန်မာနိုင်ငံတွင်း အရပ်ဖက်လူမှုအဖွဲ့အစည်းများ၊ အမျိုးသမီးအဖွဲ့အစည်းများနှင့် နိုင်ငံတကာအသိုင်းအဝိုင်းတို့မှ ပြစ်တင်ရှုတ်ချကြပါသည်။